Myanmar Peace Monitor

# Weekly News Review

Issue 98, March 22 - 28, 2023



# ဓာတ်ပုံများမှ သတင်းစကား သို့မဟုတ် စစ်ခေါင်းဆောင်၏ အကြောက်တရား

# ဓာတ်ပုံများမှ သတင်းစကား

သို့မဟုတ်

# စစ်ခေါင်းဆောင်၏ အကြောက်တရား

## နိဒါန်း

မတ်လ ၂၇ ရက်တွင် ဖြစ်သည်။ အာဏာသိမ်းစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ နှုတ်ထွက်သတင်းစကားများကို ၇၈ နှစ်မြောက် တပ်မတော်နေ့ အခမ်းအနား မှတဆင့် ကြားသိခဲ့ရပြီဖြစ်သည်။ အမျိုးသားညီညွတ်ရေးအစိုးရ(NUG) အပါအဝင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF) များနှင့် ၎င်းတို့အား ကူညီနေသော တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့(ERO)အချို့ကို ပြတ်ပြတ်သားသားအရေးယူမည်ဟု ဗိုလ်ချုပ်မှူးကြီး က ဆိုထားသည်။

စစ်ခေါင်းဆောင်၏ ဆိုခဲ့ပါသတင်းစကားသည် လက်တွေ့မကျ၊ ဖြစ်နိုင်ခြေနည်းပါးပြီး စစ်အုပ်စုနှင့် အန္တယ်အပါးများအကြား ဝါဒဖြန့်စည်းရုံးရေးဆန်သော သတင်းစကားတစ်ရပ်သာ ဖြစ်ကြောင်း နိုင်ငံရေး၊ စစ်ရေးအကဲခတ်သူများက ဝေဖန်ရှုမြင်ကြပါသည်။

ယခုတစ်ပတ် BNI - Myanmar Peace Monitor ၏ အပတ်စဉ်သတင်းသုံးသပ်ချက်တွင် ဗိုလ်ချုပ်မှူးကြီး၏ မိန့်ခွန်းပါသတင်းစကားများအပြင် ထူးခြားသည့် သတင်းစကားများကို ထုတ်ပြပြောဆိုနေသော ဗိုလ်ချုပ်မှူးကြီး၏ ဓာတ်ပုံများမှ ပေးပို့လာသော သတင်းစကားများကို စိတ်ဝင်စားဖွယ် တွေးဆတင်ပြသွားပါမည်။

## မိန့်ခွန်းမှတ်တမ်း

မတ်လ ၂၇ ရက်၊ နေပြည်တော်တွင် ကျင်းပသော ၇၈ နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားတွင် စစ်ရေးပြ မြင်ကွင်းများ၊ ဗိုလ်ချုပ်မှူးကြီး၏ မိန့်ခွန်းပြောကြားစဉ် မြင်

ကွင်းများအပြင် ဦးသိန်းစိန်၊ ဦးတင်အေး စသော စစ်ခေါင်းဆောင်ဟောင်းများနှင့် ဗိုလ်ချုပ်မှူးကြီးတို့၏ တွေ့ဆုံမှုမြင်ကွင်းများသည် ထိုနေ့အတွက် ထူးခြားသည့် သတင်းမှတ်တမ်းများဖြစ်ခဲ့သည်။

ဗိုလ်ချုပ်မှူးကြီး၏ မိန့်ခွန်းတွင် ERO ၁၀ ဖွဲ့နှင့် ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးမှုအကြောင်း၊ NUG ၊ PDF နှင့် ၎င်းတို့အား ကူညီနေကြသော ERO များအကြောင်း၊ နိုင်ငံတကာအစိုးရများနှင့် အဖွဲ့အစည်းများအကြောင်း၊ စစ်အုပ်ချုပ်ရေးအမိန့်များနှင့်ရွေးကောက်ပွဲများအကြောင်း၊ ရွေးကောက်ပွဲတွင် အသုံးပြုမည့် ရွေးကောက်ပွဲ စနစ်များအကြောင်း စသဖြင့် ပါဝင်ပါသည်။ မိန့်ခွန်းပါသတင်းစကားများသည် စစ်အာဏာသိမ်းကာလအတွင်း ၎င်းတို့ရင်ဆိုင်ကြုံတွေ့နေရသည့် ခက်ခဲကြပ်တည်းမှုများကို လစ်ဟပြသနေသော်လည်း လက်တွေ့မကျသော သတင်းစကားများဖြင့် စစ်အုပ်စုအန္တယ်အပွားများကို ဝါဒဖြန့်စည်းရုံးရေးဆန်စွာ ပြောဆိုခဲ့သည်မှာ ထင်ရှားနေသည်။

"အရေးကြီးတဲ့မြို့နယ်တွေကို စစ်အုပ်ချုပ်ရေးအမိန့်များ တိုးမြှင့်သတ်မှတ်ပြီး ထိန်းချုပ်ဆောင်ရွက်လျက်ရှိတယ်။ ဒါဟာ ပြည်သူများကို ထိန်းချုပ်ကန့်သတ်ခြင်းမဟုတ်ဘဲ ဒေသခံပြည်သူလူထုအကျိုးစီးပွားကို ထိခိုက်ပျက်စီးအောင် ဆောင်ရွက်နေကြတဲ့ အကြမ်းဖက်သမားများရဲ့ လုပ်ဆောင်ချက်တွေကို ထိရောက်စွာ ထိန်းချုပ်နိုင်ဖို့ပဲဆိုတာ ထည့်သွင်းပြောကြားလိုတယ်"ဟု စစ်ခေါင်းဆောင်က ပြောဆိုခဲ့သော်လည်း လက်တွေ့မြေပြင်အခြေအနေများနှင့် ကင်းကွာလျက်ရှိပါသည်။ စစ်ကောင်စီတပ်သားများ၏ ကျေးရွာအလိုက် မီးရှို့ဖျက်ဆီးမှု၊ ဒေသခံအရပ်သားပြည်သူများအား ဖမ်းဆီးသတ်ဖြတ်မှုများကို နေ့စဉ်မြင်တွေ့ကြားသိနေရသည်မဟုတ်ပါလား။

"အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့် အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်"ဆိုသော စစ်ခေါင်းဆောင်၏ ကတိစကားသည်လည်း စစ်အာဏာသိမ်းကာလ အစကတည်းက ရေပက်မဝင်ပြောဆိုနေသော နှုတ်ထွက်စကားဖြစ်နေပြီး အရေးပေါ်ကာလကိုသာ စိတ်တိုင်းကျ သက်တမ်းတိုးခွင့် ရှိနေသည်ကို တွေ့ရပါသည်။

ထိုနည်းတူစွာ NUG အပါအဝင် PDF များနှင့် ၎င်းတို့အား ကူညီနေသော ERO များကို ပြတ်ပြတ်သားသား အရေးယူသွားမည်ဆိုသော သတိပေးစကားသည်လည်း စစ်ခေါင်းဆောင်နှင့် မြေပြင်သတင်းအချက်အလက်များအကြား ကင်းကွာမှုကို ပြသနေသည်ဟု ဆိုနိုင်ပါသည်။

စစ်ရေးပြအခမ်းနားမတိုင်ခင် မတ်လ ၂၆ ရက်နေ့ ည ၇ နာရီခွဲခန့်အချိန်က ကိုဖေယျာသော်မွေးနေ့အဖြစ် စစ်ရေးပြလေ့ကျင့်ရေးကွင်းအား ရှော့တိုက်ဒုန်းဖြင့် တိုက်ခိုက်ခံရသည့် သတင်းဖြစ်စဉ်ကိုပင် ဗိုလ်ချုပ်မှူးကြီးတစ်ယောက် သိရှိနိုင်ပါ့မလားဟု မေးခွန်းထုတ်ဖွယ်ဖြစ်သည်။

# ထူးခြားသည့် ဓာတ်ပုံများမှ သတင်းစကား

လူမှုကွန်ယက်စာမျက်နှာများတွင် ပျံ့နှံ့လာနေသော ဗိုလ်ချုပ်မှူးကြီး၏ ဓာတ်ပုံများကမူ ပြည်သူလူထုအကြား သတင်းစကားမျိုးစုံ ပေးပို့လျက်ရှိနေပါသည်။ ဗိုလ်ချုပ်မှူးကြီးသည် အထက်တွင်ဆိုခဲ့သလို မြေပြင်သတင်းအချက်အလက်များနှင့် ကင်းကွာနေခြင်း မဟုတ်ဘဲ လက်တွေ့အရှိတရားကို ဖုံးကွယ်ကာ ၎င်းကိုယ်တိုင်နှင့် ၎င်း၏ အစေအပါး၊ အနွယ်အပွားများကို လိမ်ညာနေခြင်းဖြစ်သည်ဟု ရှုမြင်ကြပါသည်။



ဖော်ပြပါဓာတ်ပုံပါ ဗိုလ်ချုပ်မှူးကြီး၏မျက်လုံးအစုံသည် တစ်စုံတစ်ရာအပေါ် စိုးရွံ့စိတ်၊ မမြင်ရသော အရာတစ်ခုအပေါ် သံသယဖြင့် ကြောက်စိတ်ကို ပြသနေသည်ဟု ဆိုကြသည်။ ၎င်းတို့အား ဆန့်ကျင်တော်လှန်ကြသော နွေဦးတော်လှန်ရေးအင်အားစုများအပေါ် ခြိမ်းခြောက်သတိပေးစကားများ နှုတ်မှပြောဆိုနေသည့်တိုင် မျက်နှာအမူအရာသည် အတွင်းစိတ်တွင် ဖြစ်ပေါ်နေသော အကြောက်တရားကို လစ်ဟပြနေသည်ဟု ရှုမြင်သုံးသပ်နိုင်ပါသည်။ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ပြီး ဗိုလ်ချုပ်မှူးကြီး၏ မိန့်ခွန်းအား လက်ခုပ်သြဘာပေးကာ နာယူနေကြသူများက အထက်ပါဗိုလ်ချုပ်မှူးကြီး၏ လျှပ်တပျက်မြင်ကွင်းဓာတ်ပုံကို တိုက်ရိုက်မြင်တွေ့ကြရမည်မဟုတ်ချေ။



ယခုဓာတ်ပုံသည် ဦးသိန်းစိန်၏ ခြေအစုံကို ဗိုလ်ချုပ်မှူးကြီးမှ ဦးတိုက်နေခြင်းဖြစ်သည်။ စစ်ယူနီဖောင်းချွတ် သမ္မတဟောင်းအား ဦးတိုက်နေသော ဗိုလ်ချုပ်မှူးကြီး၏ မြင်ကွင်းပုံရိပ်သည် အင်မတန်ရိုကျိုးသဖွယ် ဖြစ်နေသော်လည်း အာဏာသိမ်းစစ်အုပ်စုတစ်ခုလုံး၏ မလုံခြုံမှုနှင့် အချင်းချင်းရိုင်းပင်းလက်တွဲနိုင်ရေးအတွက် စိုးရိမ်ကြောင့်ကျမှုကို မြင်တွေ့ရပါသည်။

စစ်ကောင်စီဥက္ကဋ္ဌနှင့် ဇနီးသည် ယခင်စစ်တပ်ခေါင်းဆောင်ဟောင်းများဖြစ်သည့် ဦးသိန်းစိန်၊ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဟောင်း ဦးတင်အေး အပါအဝင် အငြိမ်းစားတပ်အရာရှိကြီး ၁၉ ဦးနှင့် ဇနီး ၇ ဦးတို့အား မတ် ၂၇ ရက် နေ့လယ်ပိုင်းတွင် ကန်တော့ခဲ့ပြီး ယင်းကန်တော့ပွဲတွင် ကန်တော့ခံအငြိမ်းစား တပ်အရာရှိကြီးများ ကိုယ်စား ဒု-ဗိုလ်ချုပ်ကြီး ထွန်းကြည်(ငြိမ်း)နှင့် ဦးသိန်းစိန်တို့က ဩဝါဒပေးခဲ့သည်ဟု ဆိုပါသည်။

ပြည်သူလူထု၏ ရွေးကောက်ပွဲဆန္ဒမဲလက်မှတ်များအား ပစ်ပယ်ကာ တိုင်းပြည်အာဏာလုယူထားသော အာဏာသိမ်းစစ်အုပ်စုသည် လူထုထောက်ခံမှုအောက်ဆုံးအထိရောက်ရှိနေသကဲ့သို့ ပြည်သူလူထုတစ်ရပ်လုံး၏ ဆန့်ကျင်တော်လှန်မှုကိုပါ တောင်တန်းမြေပြန့်တဝှမ်းလုံး ရင်ဆိုင်ကြုံတွေ့နေရသည့်အတွက်ကြောင့်သာ စစ်အုပ်စုအသိုင်းအဝိုင်းနှင့် လူထုအပေါ် တစုံတခုဩဇာသက်ရောက်မှုရှိခဲ့သော စစ်ခေါင်းဆောင်ဟောင်းများ၏ ပုံရိပ်ကို အသုံးချခဲ့ခြင်း ဖြစ်နိုင်ကြောင်း ရှုမြင်နိုင်ပါသည်။ ကုလသမဂ္ဂစင်မြင့်ထက်တွင် မိန့်ခွန်းပြောဆိုခဲ့ဖူးသော သမ္မတဟောင်း ဦးသိန်းစိန်အပေါ် နိုင်ငံတကာအသိုင်းအဝိုင်း၏ ထောက်ခံအားပေးခဲ့သည့် အတိတ်ပုံရိပ်များသည်လည်း ဘေးကြပ်နံကြပ်ရိုက်နေသော နိုင်ငံတကာဖိအားများကို တွန်းလှန်စည်းရုံးရာတွင် ဗိုလ်ချုပ်မှူးကြီးအတွက် ခွန်အားတစ်ရပ်ဟု မှတ်ယူနေပုံရပါသည်။



အထက်ပါမြင်ကွင်းသည် စစ်အာဏာရှင်ဟောင်း ဗိုလ်ချုပ်နေဝင်း၏ မိသားစုဝင်များနှင့် စစ်ခေါင်းဆောင်တို့ ဇနီးမောင်နှံ တွေ့ဆုံမှုဖြစ်သည်။ ဘက်ပေါင်းစုံ၊ အလွှာပေါင်းစုံမှ လူထုထောက်ခံမှုကျဆင်းနေသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အနေဖြင့် စစ်တပ်နှင့် နီးနွယ်ပက်သက်သော လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတိုင်းကို ကောင်းမွန်သည့်ဆက်ဆံရေးရှိကြောင်း ထုတ်ဖော်ပြသလျက်ရှိသကဲ့သို့ မကြာခဏဆိုသလို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)နှင့် ပတ်သက်သော လူပုဂ္ဂိုလ်များ၏ ပုံရိပ်ကို အသုံးချကာ လူထုထောက်ခံမှုကို ဆွဲတင်လေ့ရှိပါသည်။

NLD နာယကဟောင်း ဗိုလ်ချုပ်ကြီးတင်ဦး၊ NLD မှ ရွေးချယ်တင်မြှောက်ခဲ့သော သမ္မတဟောင်းဦးထင်ကျော်တို့သည် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် စစ်အုပ်စုအတွက် အသုံးချခံသပ်သပ် ဓာတ်ပုံရိုက်ခြင်းမျိုးကြုံတွေ့ခဲ့ရသည်ကို သတိပြုမိပါသည်။

## သုံးသပ်တင်ပြချက်

ဗိုလ်ချုပ်မှူးကြီး၏ တပ်မတော်နေ့မိန့်ခွန်းတွင် လက်တွေ့မကျ၊ ဖြစ်နိုင်ချေနည်းသော နှုတ်ထွက်စကားများကို တွေ့ရှိခဲ့ရသကဲ့သို့ ၎င်းတို့ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်များအတိုင်း မဖြစ်ဖြစ်အောင် အချိန်ယူလုပ်ဆောင်သွားမည့် အလားလာများကိုလည်း ပြသနေပါသည်။ NUG ၊ PDF နှင့် ERO များအား ပြတ်ပြတ်သားသားအရေးယူမည်ဟု ပြောဆိုခြင်းသည် လက်တွေ့မကျဟုဆိုနိုင်သော်လည်း ရွေးကောက်ပွဲနှင့် ရွေးကောက်ပွဲအတွက် ပြင်ဆင်မှုများကိုမူ အချိန်ယူကာ မဖြစ်ဖြစ်အောင် လုပ်ဆောင်မည့်လက္ခဏာများ မြင်တွေ့ရပါသည်။

“ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဓာတ်ပုံများမှသတင်းစကား သို့မဟုတ် စစ်ခေါင်းဆောင်၏ အကြောက်တရားများသည် နွေဦးတော်လှန်ရေးအင်အားစု များအတွက် ခွန်အားတစ်ရပ် ဖြစ်လာနိုင်သလား ဆိုသည်ကမူ …”

၎င်းတို့ကျင်းပမည့် ရွေးကောက်ပွဲတွင် နိုင်သူအကုန်ယူစနစ် (FPTP-First Past The Post) နှင့် အချိုးကျ ကိုယ်စားပြုစနစ် (PR-Proportional Representation) ကို ပေါင်းစပ်ကျင့်သုံးသွားမည်ဟု ဆိုထားပြီး မတ်လ ၂၈ ရက်တွင် NLD ပါတီအပါအဝင် ပါတီပေါင်း (၄၀)ကို ဖျက်သိမ်းကြောင်း ကြေညာခဲ့ပါသည်။

အာဏာသိမ်းစစ်အုပ်စုသည် ၎င်းတို့ပြန်လည်အသက်သွင်းမည့် စစ်တပ်စပွန်ဆာဒီမိုကရေစီစနစ်တစ်ရပ်ကို အကောင်အထည်ဖော်နိုင်ရေး တစိုက်မတ်မတ် ပြုမူဆောင်ရွက်နေသော်လည်း နွေဦးတော်လှန်ရေးအင်အားစုများ၏ ခုခံတော်လှန်မှု၊ နိုင်ငံတကာအသိုင်းအဝိုင်း၏ ဖိအားနှင့် ပြည်သူလူထု၏ ဆန့်ကျင်မှုများကို စိုးရိမ်ထိတ်လန့်နေကြောင်း အထက်ဖော်ပြပါ စစ်ခေါင်းဆောင်၏ ဓာတ်ပုံများက သတင်းစကားပါးလျက်ရှိပါသည်။ ထိုထက် ပို၍ ကြောက်ရွံ့နေသည်ကတော့ စစ်အုပ်စုအချင်းချင်းအကြား စည်းရုံးမှုပြိုကွဲမည်ကို ပိုမိုကြောက်လန့်နေနိုင်ကြောင်း ရှုမြင်ရပါသည်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဓာတ်ပုံများမှ သတင်းစကား သို့မဟုတ် စစ်ခေါင်းဆောင်၏ အကြောက်တရားများသည် နွေဦးတော်လှန်ရေးအင်အားစုများအတွက် ခွန်အားတစ်ရပ်ဖြစ်လာနိုင်သလားဆိုသည်ကမူ အင်အားစုတစ်စုတစ်ဖွဲ့ချင်းစီ၏ ချဉ်းကပ်မှုအပေါ်တွင်သာ တည်မှီနေလိမ့်မည်ဟု သုံးသပ်တင်ပြအပ်ပါသည်။



## စစ်ကောင်စီ၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ထန်တလန်မြို့နယ်အတွင်း ကလေးငယ် ၂ ဦးအပါအဝင် အရပ်သားပြည်သူ ၈ ဦး သေဆုံး

၃၀ မတ် ၂၀၂၃

ချင်းပြည်နယ် ထန်တလန်မြို့နယ် ခွါဖိုး (Khuafo) ကျေးရွာထဲကို ယမန်နေ့ မတ်လ ၃၀ ရက်နေ့ မနက်ပိုင်းမှာ စစ်ကောင်စီက တိုက်လေယာဉ်နှင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် ၁၀ နှစ်အောက်ကလေးငယ် ၂ ဦးအပါအဝင် အရပ်သားပြည်သူ ၈ ဦးသေဆုံးပြီး အယောက် ၂၀ ခန့် ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ချင်းအမျိုးသားတပ်ဦး CNF ပြောရေးဆိုခွင့်ရှိသူ ဆလိုင်းထက်နီက ပြောသည်။

ထန်တလန်မြို့မှ ၃ မိုင်ခန့်ကွာဝေးသော ခွါဖိုးကျေးရွာတွင် ယမန်နေ့ မနက်ပိုင်း ၁၀ နာရီခန့်မှာ မြေပြင်တိုက်ပွဲဖြစ်ပွားမှု တစ်စုံတစ်ရာမရှိပဲ စစ်ကောင်စီတပ်ဖွဲ့က တိုက်လေယာဉ်အပါအဝင် Mi35 ရဟတ်ယာဉ်များဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။ ချင်းအမျိုးသားတပ်ဦး CNF ပြောရေးဆိုခွင့်ရှိသူဆလိုင်းထက်နီက "စစ်ကောင်စီရဲ့ဗုံးကြဲလေယာဉ်နဲ့ Mi35 က ဗုံးကြဲတယ် တိုက်ခိုက်တယ် ဗုံးအရေအတွက်က ၄ ကြိမ်လောက်

ကြဲချတယ် ခုတလော အဲဒီတဝိုက်မှာ မြေပြင်တိုက်ပွဲတွေဘာမှမရှိဘူး အဲဒီချိန်မှာ စစ်ကောင်စီက လာပြီးတော့ ဗုံးကြဲတိုက်ခိုက်မှု လာလုပ်တာပါ” ဟု ခိုနူမ်းသုန်သတင်းဌာနကို ပြောသည်။

စစ်ကောင်စီတပ်ဖွဲ့၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် သေဆုံးသူထဲမှာ အသက် ၆ နှစ်နှင့် ၉ နှစ်အရွယ်ကလေးငယ် ၂ ဦးနှင့် အမျိုးသမီး ၅ ဦးလည်း ပါဝင်သည်ဟု သိရသည်။ ဒဏ်ရာရရှိသူများထဲတွင်လည်း ၉ နှစ်နှင့် ၁၀ နှစ်အရွယ် ကလေးငယ် ၂ ဦးလည်း ပါဝင်သည်ဟု သိရသည်။

ယခုကဲ့သို့ ဗုံးကြဲတိုက်ခိုက်မှုသည် စစ်ကောင်စီအနေဖြင့် သူလုပ်နေကြ အရပ်သားပစ်မှတ်ထား တိုက်ခိုက်ခြင်းဖြစ်သည်ဟု ဆလိုင်းထက်နီကပြောသည်။

“ရွာထဲမှာ မီးရှို့မှုတွေ တိုက်ခိုက်မှုတွေလုပ်ပြီးဆိုရင် သူတို့အကြောင်းပြလေ့ရှိတာက ဒေသကာကွယ်ရေးတပ်ဖွဲ့တွေ၊ တိုင်းရင်းသားလက်နက်တွေရှိတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ ကျေးရွာတွေ စစ်ဘေးရှောင်စခန်းတွေကို မဲပြီးတော့ လုပ်တာ ဖြစ်တယ်၊ အဲဒီရွာငယ်လေးက ကျနော်တို့ချင်းအမျိုးသားတပ်မတော်၊ ဒေသကာကွယ်ရေးတပ်ဖွဲ့တွေမှရှိပါဘူး၊ ထန်တလန်မြို့အောက်မှာရှိတဲ့ စစ်ရေးအရခြေကုပ်ယူလို့မကောင်းတဲ့နေရာဖြစ်ပါတယ်၊ အဲဒါကို ဒီလိုလုပ်လာတယ်ဆိုတော့ အရပ်သားပြည်သူကို တမင်သက်သက် ဦးတည်ပြီးတော့ တိုက်ခိုက်တာဖြစ်တယ်” ဟု ဆလိုင်းထက်နီကပြောသည်။

ပြီးခဲ့သည့်မတ်လ ၂၇ ရက်နေ့ကကျရောက်သော ၇၈ နှစ်မြောက်တပ်မတော်နေ့အခမ်းအနားတွင် အာဏာသိမ်းစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က NUG, PDF များကို ကူညီပံ့ပိုးနေသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ EAO များကို ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်မည်ဟု ခြိမ်းခြောက်ပြောဆိုခဲ့ပြီးနောက် ချင်းအမျိုးသားတပ်ဦး CNF ဌာနချုပ်ရှိရာ ထန်တလန်မြို့နယ်ထဲက ကျေးရွာတစ်ရွာကို ဗုံးကြဲတိုက်ခိုက်လာခြင်းလည်းဖြစ်သည်။


စစ်ကောင်စီတပ်ဖွဲ့သည် ချင်းပြည်နယ်တွင် မြေပြင်ထိုးစစ်ထက် လေကြောင်းတိုက်ခိုက်မှုများ ပိုမိုပြုလုပ်လာခဲ့ပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဖေဖော်ဝါရီ ၂ လအတွင်းမှာတင် လေကြောင်းတိုက်ခိုက်မှု ၁၀၀ ကျော် ပြုလုပ်ခဲ့သည်။

BNI – MPM

# အပိုင်း ၂


## တစ်ပတ်အတွင်း ဘာတွေဖြစ်ခဲ့သလဲ

BNI - Myanmar Peace Monitor ၏ မှတ်တမ်းအရ မတ်လ ၂၂ ရက် မှ ၂၈ ရက် အတွင်း အာဏာသိမ်းစစ်ကောင်စီတပ်နှင့် မြို့ပြဒေသအလိုက်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF/LDF)များ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း(ERO)များအကြား တိုက်ပွဲဖစ်ပွားမှုရက်ပေါင်း ၃၁ ရက် ရှိခဲ့ပါသည်။ တိုင်းနှင့် ပြည်နယ်အလိုက် နှိုင်းယှဉ်ကြည့်ပါက ကရင်ပြည်နယ်သည် တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၇ ရက် အထိ ရှိခဲ့ပြီး အများဆုံးဖြစ်ခဲ့ပါသည်။ မိမိတို့အနေဖြင့် တိုက်ပွဲဖြစ်ပွားမှု အခြေအနေများကို ကောက်ယူ မှတ်တမ်း ပြုရာတွင် မြို့နယ်အလိုက် ရက်ဖြင့်သာ မှတ်တမ်းတင်ထားသည့်အတွက် အကြိမ်ရေအားဖြင့်မှု ယခုထက်ပိုမို များပြားနိုင်ပါသည်။





**၃၁ ရက်**

တစ်ပတ်အတွင်း
တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း



## စစ်ကောင်စီတပ်သား၊ ပြည်သူ့ကာကွယ်ရေးတပ်သား၊ အရပ်သားသေဆုံးမှု


မတ် ၂၂ - ၂၈ -၂၀၂၃




## ၂၁၀၀၀ စစ်ဘေးရှောင်အရေအတွက် (မတ် - ၂၂ - ၂၈ - ၂၀၂၃)




# စစ်ကိုင်းတိုင်း





မတ်လ ၂၅ ရက်တွင် ဘုတလင်မြို့၏တောင်ဘက် နှစ်မိုင်ခန့်အကွာရှိ ဆုံကုန်းကျေးရွာကို စစ်ကောင်စီတပ်မှ ဝင်ရောက်ခဲ့ပြီး၊ ထွက်ပြေးမတိမ်းရှောင်နိုင်သည့် အဘိုးအဘွား ၇ ဦးအပါအဝင် ဒေသခံနေအိမ် ၁၇၅ လုံးကို မီးရှို့ဖျက်ဆီးသတ်ဖြတ်ခဲ့ပါသည်။ မီးလောင်သေဆုံးသူများတွင် မျက်မမြင်အဘွားအို နှစ်ဦးနှင့် လေဖြတ်ထားသည့် အဘွားအိုနှစ်ဦးပါဝင်ခဲ့ပြီး၊ သေဆုံးသွားသည့် ဘိုးဘွားများမှာ ဒေါ်ခင်မြင့်(၇၀ နှစ်)၊ ဒေါ်ကြည်အောင်(၇၁ နှစ်)၊ ဦးဂျပန်ကြီး (၇၃ နှစ်)၊ ဒေါ်ပြည့် (၈၂ နှစ်)၊ ဒေါ်စန်းစန်းမြင့် (၆၀ နှစ်)၊ ဒေါ်တင်အိ (၈၃ နှစ်)နှင့် ဒေါ်ခွေး(၇၃ နှစ်) တို့ ဖြစ်ကြပါသည်။

ရွှေဘိုမြို့ ကားကြီးကွင်းအနီးတွင် မတ် ၂၈ ရက်၊ နံနက်ပိုင်းက နေရာနှစ်ခု၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ကလေးငယ် နှစ်ဦးအပါအဝင် အရပ်သား ၂၀ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ၎င်းအနက် တစ်ဦးသည် ဆေးရုံ အရောက်တွင် သေဆုံးခဲ့ပါသည်။ ဗုံးပေါက်ကွဲမှုကြောင့် ကလေးငယ် နှစ်ဦးအပါအဝင် အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ၈ ဦးတို့ ဒဏ်ရာရရှိခဲ့ပြီး၊ လူမှုကူညီရေးအသင်းများမှ ရွှေဘိုဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြပါသည်။

ဆားလင်းကြီး၊ ယင်းမာပင်၊ တမူး နှင့် ကလေးမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ဒေသအလိုက် PDF တို့အကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၅ ဦး သေဆုံးပြီး ပြည်သူ့ကာကွယ်ရေးတပ်မှ ၃ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် မတ်လ ၂၂ ရက်နေ့က ကလေးမြို့တွင် ဈေးဝယ်ထွက်လာသည့် စစ်ကောင်စီတပ်သား နှစ်ဦးကို ပစ်ခတ်တိုက်ခိုက်ခဲ့ရာ တစ်ဦး သေဆုံးခဲ့သည်။ စစ်ကောင်စီတပ်၏ ပစ်ခတ်မှုကြောင့် ခင်ဦးနှင့် ဘုတလင်မြို့နယ်များမှ ဒေသခံ ၈ ဦး သေဆုံးခဲ့သည်။ မတ်လ ၂၈ ရက်နေ့က ရွှေဘိုမြို့ ကားကြီးကွင်းအနီးတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ပြည်သူ ၁၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အမျိုးသားတစ်ဦး သေဆုံးခဲ့သည်။ စစ်ကောင်စီတပ်မှ လူနေအိမ်များကို မီးရှို့၍ စစ်ကြောင်းထိုးတာကြောင့် ကန့်ဘလူနှင့် ဘုတလင်မြို့နယ်များမှ ဒေသခံပြည်သူ ၁၅၀၀၀ ကျော် ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။







# ကချင်ပြည်နယ်

မိုးညှင်းမြို့နယ်၊ နန်းမားရွေ့ဘက်ခြမ်းတွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ စစ်ကောင်စီတပ်မှ မတ်လ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် လေကြောင်းတိုက်ခြင်း၊ လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းများ ဆက်တိုက်ပြုလုပ်နေပါသည်။


မတ်လ ၂၄ ရက်တွင် စစ်ကောင်စီတပ် စစ်ကြောင်းတစ်ခုသည် မိုးညှင်းမြို့နယ်၊ နန်းမား၊ နန့်စော်လော် ကျေးရွာများဘက်သို့ စစ်ကြောင်းထိုး ဂင်ရောက်ခဲ့ပြီး နန့်စော်လော်ကျေးရွာမှ ဒေသခံများဖြစ်သော ကိုနိုင်စိုး၊ ကိုအောင်ကျော်ထွေးအပါအဂင် တောင်သူ ၆ ဦးအား လူသားဒိုင်းအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပါသည်။

ရွှေကူမြို့ အရှေ့ဘက်ခြမ်းတွင် စစ်ကောင်စီတပ်နှင့် ကချင်လွတ်လပ်ရေးတပ်မတော် KIA ၊ PDF ပူးပေါင်းတပ်တို့ကြား တိုက်ပွဲဖြစ်ပွားနေခြင်းကြောင့် ကျေးရွာ ၈ ရွာမှ ထောင်ချီသော ဒေသခံများမှာ ဘေးလွတ်ရာ ထွက်ပြေးတိမ်းရှောင်နေကြရပါသည်။ မတ်လ ၂၃ ရက်မှ စတင်ကာ စစ်အင်အား ၂၀၀ ဝန်းကျင်ရှိသည့် စစ်ကောင်စီတပ် စစ်ကြောင်းသည် မံဝန်းနှင့် နောင်လတ်ကြီး ကျေးရွာဘက်တွင် စစ်ကြောင်းထိုး ဝင်ရောက်လာခြင်းကြောင့် တိုက်ပွဲဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး တိုက်ပွဲကြောင့် စီမူလေး၊ မံဝိန်း၊ နောင်လတ်ကြီး၊ ငှက်တံတား၊ စီသာ၊ စီသော်၊ နန့်လန်နှင့် ဝင်ဝ စသည့် ကျေးရွာများမှ ဒေသခံများမှာ ထွက်ပြေးတိမ်းရှောင်နေရခြင်းဖြစ်ပြီး စစ်ကောင်စီတပ်၏ လေယာဉ်ဖြင့် ပုံးကြဲတိုက်ခိုက်မှုကြောင့် လူနေအိမ်များပျက်စီးခဲ့ပြီး၊ အိမ်မွေးတိရိစ္ဆာန်များလည်း သေဆုံးခဲ့ပါသည်။

ဖားကန့်နှင့် ရွှေကူမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော်(KIA)၊ ပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၄ ဦး ကျဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်မှ ၁ ဦး ကျဆုံးခဲ့သည်။ မတ်လ ၂၆ ရက်နေ့က မိုးညှင်းမြို့နယ်မှာ စစ်ဖက်ရေးရာလုံခြုံရေးတပ်ဖွဲ့ (စရဖ) အရာရှိ တယောက် သေနတ်ဖြင့် ပစ်ခတ်ခံရပြီး သေဆုံးခဲ့သည်။ မတ်လ ၂၃ ရက်နေ့မှ စတင်ကာ ရွှေကူမြို့၏ အရှေ့ဘက်ခြမ်းတွင် စစ်ကောင်စီတပ်နှင့် KIA၊ PDF ပူးပေါင်းတပ်တို့ကြား တိုက်ပွဲဖြစ်ပွားခဲ့သောကြောင့် ကျေးရွာ ၈ ခုမှ ဒေသခံပြည်သူများ ထောင်နှင့်ချီ၍ ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။










# မကွေးတိုင်း

မြိုင်မြို့နယ်၊ သရက်ကွကျေးရွာသို့ စစ်ကောင်စီတပ်သားများ မတ်လ ၂၂ ရက်တွင် ရောက်ရှိလာပြီး၊ မတ်လ ၂၃ ရက်တွင် ဒေသခံ အမျိုးသမီး ၃ ဦးအား ဖမ်းဆီးခဲ့ပါသည်။ ဖမ်းဆီးခံရသည့် အမျိုးသမီးများမှာ ကာယာကောင်းတဲတိုက်မှ အမျိုးသမီး ၂ ဦးနှင့် မင်းဂံကျေးရွာမှ ကျောက်စရစ်တူးသည့် အမျိုးသမီး တစ်ဦးတို့ဖြစ်ပြီး၊ နောက်ထပ် ကျောက်စရစ်တူးဖော်သူ ၁၂ ဦးမှာလည်း အဆက်အသွယ်မရဘဲ ပျောက်ဆုံးနေကြောင်း သိရပါသည်။ ထို့ပြင် စစ်ကောင်စီမှ ကျေးရွာများ အတွင်း စစ်ကြောင်းထိုး မွှေနှောက်ခြင်းကြောင့် မင်းဂံနှင့် မြေနုကျေးရွာမှ ဒေသခံပြည်သူ ၁,၀၀၀ခန့်သည် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေရပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အရေးပေါ်အကူအညီများ လိုအပ်လျက်ရှိနေပါသည်။

မတ်လ ၂၈ ရက်တွင် ထီးလင်းမြို့နယ်၊ ကြူသာရွာနှင့် ကံသာရွာကြားရှိ ရွှေတွင်းတူးတောတွင် တိုက်ပွဲအတွင်း မပေါက်ကွဲဘဲ ကျန်နေသော ၄၀ မမပုံးသီးတစ်လုံးအား တောင်ယာလုပ်ငန်း လုပ်ကိုင်နေသော အသက် ၂၆ နှစ်အရွယ် ကိုကျော်လင်းသည် ထိခိုက်မိရာ ပုံးပေါက်ကွဲပြီး သေဆုံးခဲ့ပါသည်။

ပေါက် နှင့် ရေစကြိုမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲ ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၈ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် မတ်လ ၂၈ ရက်နေ့က ထီးလင်းမြို့နယ်၊ ကြူသာရွာနှင့် ကံသာရွာကြားရှိ ရွှေတွင်းတူးတောမှာ တောင်ယာလုပ်ငန်း လုပ်ကိုင်နေသည့် ကိုကျော်လင်းသည် စစ်ကောင်စီ တပ်ဖွဲ့ဝင်တွေ၏ မပေါက်ကွဲဘဲ ကျန်ရှိနေသည့် ၄၀ မမ ပုံးသီးကို ထိခိုက်မိရာမှ ပေါက်ကွဲခဲ့ပြီး သေဆုံးခဲ့သည်။ မတ်လ ၂၃ ရက်နေ့က မြိုင်မြို့နယ်တွင် စစ်ကောင်စီတပ်မှ စစ်ကြောင်းထိုး ဝင်ရောက်လာခြင်းကြောင့် ဒေသခံ ပြည်သူ ၁၀၀၀ ကျော် ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။






# မန္တလေးတိုင်း

မတ္တရာမြို့နယ်၊ ကျောက်ဆည်လေးရွာမှ ဒေသခံ ရွာသားတစ်ဦးကို စစ်ကောင်စီတပ်မှ မတ်လ ၂၃ ရက် နံနက်က ဖမ်းဆီးခဲ့ပြီး ဦးခေါင်းဖြတ်ကာ မီးရှို့သတ်ဖြတ်ထားခဲ့ကြောင်း သိရပါသည်။ ဖြစ်စဉ်မှာ ကျောက်ဆည်လေးကျေးရွာအတွင်း စစ်ကောင်စီတပ်စစ်ကြောင်းထိုးဝင်ရောက်လာချိန်တွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင် PDF ရဲဘော် ၄ ဦးနှင့်တွေ့ပြီး အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့ကာ၊ ရဲဘော်များမှာ လွတ်မြောက်ခဲ့သော်လည်း စစ်ကောင်စီတပ်သည် ကျေးရွာထဲမှ ဒေသခံ ၄ ဦးအား အကြောင်းမဲ့ဖမ်းဆီးခဲ့ကြောင်း၊ စစ်ကြောင်းထွက်သွားပြီးနောက် ကျောက်ဆည်လေးရွာထိပ် သရက်ခြံအတွင်း တဲထဲ၌ မီးရှို့ပြီး သတ်ထားသော ဦးခေါင်းမပါသည့် ရုပ်အလောင်းကို ဒေသခံများတွေ့ရှိခဲ့ကြောင်း၊ အသတ်ခံထားရသူမှာ ကျောက်ဆည်လေးရွာမှ ကိုဝင်းထွေးဆိုသူဖြစ်ပြီး၊ ၎င်း၏ ဦးခေါင်းပြတ်အား ရွာအရှေ့ဘက် ကားလမ်းမပေါ်မှ ဒေသခံများရှာဖွေတွေ့ရှိခဲ့ကြပါသည်။


မတ်လ ၂၄ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်မှ အသက် ၅၉ နှစ်အရွယ် အမျိုးသမီးရာအိမ်မှူး ဒေါ်ညွန့်ညွန့်ဆွေဆိုသူသည် နေအိမ်ရှေ့တွင် သေနတ်ဖြင့် ပစ်သတ်ခံရပြီး သေဆုံးခဲ့ပါသည်။ ဒေါ်ညွန့်ညွန့်ဆွေအား ဆိုင်ကယ်ပေါ်မှ အမည်မသိလူနှစ်ဦးမှ အနီးကပ်ပစ်ခတ်ခဲ့ခြင်းကြောင့် ပွဲချင်းပြီးသေဆုံးခဲ့ပါသည်။

မတ်လ ၂၂ ရက်နေ့က အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်ရှိ အမရပူရခရိုင် တရားရုံးမှာ ဗုံးပေါက်ကွဲခဲ့ပြီး ရဲ ၁ ဦး သေဆုံးခဲ့သည်။ မတ်လ ၂၃ ရက်နေ့က မတ္တရာမြို့နယ်၊ ကျောက်ဆည်လေးရွာက ဒေသခံ ရွာသားတဦးကို စစ်ကောင်စီတပ်က ဖမ်းဆီးပြီး ဦးခေါင်းဖြတ်ကာ မီးရှို့သတ်ဖြတ်ခဲ့သည်။ မတ်လ ၂၄ ရက်နေ့က အောင်မြေသာစံမြို့နယ်၊ တိုင်းအစိုးရရုံး အနီး ၆၄ လမ်းနှင့် ၂၅ လမ်းထောင့်တွင် စစ်ကောင်စီ၏ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်လိုက်ပါလာသော ယာဉ်တန်းကို ပြည်သူ့ကာကွယ်ရေးတပ်က မိုင်းဆွဲ တိုက်ခိုက်ခဲ့ရာ အုပ်ချုပ်ရေးယန္တရားမှ ဝန်ထမ်းအကြီးအကဲနှစ်ဦးနှင့် စစ်ကောင်စီ တပ်ဖွဲ့ဝင် ၁၂ ဦး သေဆုံးခဲ့သည်။ ထို့အပြင် အောင်မြေသာစံ၊ မလှိုင်နှင့် ပြည်ကြီးတံခွန်မြို့နယ်များမှ ရာအိမ်မှူး ၃ ဦး အမည်မသိလက်နက်ကိုင်အဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။







# ကရင်ပြည်နယ်





ကော့ကရိတ်မြို့နယ်၊ ကြောင်လျှာကုန်းကျေးရွာအတွင်း စစ်ကောင်စီတပ်မှပစ်ခတ်သည့် လက်နက်ကြီးကျရောက်ခဲ့သဖြင့် အသက် ၉ နှစ်အရွယ် မိန်းကလေးငယ်တစ်ဦးအပါအဝင် ၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ မတ်လ ၂၃ ရက်တွင် တိုက်ပွဲတစ်စုံတစ်ရာဖြစ်ပွားခြင်းမရှိဘဲ ကော့ကရိတ်မြို့အခြေစိုက် စစ်ကောင်စီတပ် ခလရ ၉၇ မှ လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့ခြင်းဖြစ်ပြီး၊ ဒဏ်ရာရရှိသူများမှာ ဦးထွန်းကြိုင်(ခေါ်)ဖားပဲ့ ( ၅၀) နှစ်၊ နော်ဖောဘော (၅၀)နှစ်၊ စောမင်းထိုက်(၁၈)နှစ်နှင့် နော်တကြိုဖော(၉)နှစ်တို့ ဖြစ်ကြပါသည်။

မတ်လ ၂၅ ရက်တွင် ကော့ကရိတ်မြို့နယ်၊ ကျုံဒိုးမြို့အတွင်း ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် -KNLA ဦးဆောင်သည့် တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့နှင့် စစ်ကောင်စီတပ်တို့ တိုက်ပွဲပြင်းထန်ခဲ့ပြီး၊ တိုက်ပွဲကြောင့် ဒေသခံနေအိမ် နေအိမ် ၃၃ လုံး အပါအဝင် ကားနှင့် အခြားပစ္စည်းအများအပြား မီးလောင်ပျက်စီးခဲ့ပါသည်။ ထို့ပြင် မတ်လ ၂၆ ရက်တွင်လည်း တိုက်ပွဲအတွင်း စစ်ကောင်စီတပ်ဘက်က ပစ်ခတ်လိုက်သော လက်နက်ကြီးကြောင့် ဒေသခံ ၂ ဦး ကျည်ထိမှန်ခဲ့ပြီး တစ်ဦး သေဆုံးခဲ့ပါသည်။

ကော့ကရိတ်၊ မြဝတီနှင့် ဖာပွန်မြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)၊ ပြည်သူ့ကာကွယ်ရေးပူးပေါင်းတပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၁၁ ဦး ကျဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်မှ ၁ ဦး ကျဆုံးခဲ့သည်။ ကော့ကရိတ်မြို့နယ်၊ ကျုံဒိုးမြို့ တိုက်ပွဲဖြစ်စဉ်အတွင်း လူနေအိမ် ၃၃ လုံး၊ ကား ၄ စီးနှင့် ဆိုင်ကယ် ၃ စီး မီးလောင်ပျက်စီးကာ အရပ်သား ၆ ဦး သေဆုံးခဲ့သည်။ ထို့အပြင် စစ်ကောင်စီဘက်က လက်နက် ကြီးဖြင့် ပစ်ခတ်မှုကြောင့် ကျုံဒိုးမြို့ရှိ ထောင်နှင့်ချီသော ဒေသခံ ပြည်သူများ ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။











# ပဲခူးတိုင်း

ပန်းတောင်းမြို့ ကျီးပင်စစ်ဆေးရေးဂိတ်တွင် မတ်လ ၂၆ ရက်က ရိုဟင်ဂျာ အမျိုးသား ၇ ဦးအား စစ်ကောင်စီတပ်က ဖမ်းဆီးခဲ့ပါသည်။ ဖမ်းဆီးခံရသူများမှာ ရခိုင်ပြည်နယ် မင်းပြားနှင့် စစ်တွေမြို့နယ်တို့မှ ဖြစ်ပြီး၊ ဉသျှစ်ပင် ရဲစခန်းသို့ ခေါ်ဆောင်သွားကြောင်း သိရပါသည်။

နတ်တလင်းမြို့နယ်၊ တောင်ညိုဆည်အထက်ပိုင်းမှ ကျေးရွာများအား စားနပ်ရိက္ခာ ဝယ်ယူရာတွင် တစ်အိမ်ထောင်လျှင် ဆန်နှစ်ပြည်သာ ဝယ်ယူခြင်း၊ သယ်ယူခြင်းပြုရန် စစ်ကောင်စီတပ်မှ ကန့်သတ်ထားခြင်းကြောင့် ဒေသခံများ စားဝတ်နေရေးအခက်အခဲကြုံနေကြရပါသည်။ တောင်ညိုဆည် အထက်ပိုင်းတွင် ကွင်းကျယ်၊ သံပရာခုံ၊ ဆင်ဆွဲရွာမ၊ ရုံးကုန်း၊ ကြက်မနက်နှင့် ကွေ့ကြီး ရွာအပါအဝင် ကျေးရွာ ၁၃ ရွာခန့်ရှိပြီး ညောင်လေးပင်၊ ကွေ့ကြီးနှင့်ကျောက်ပြုတ်ကျေးရွာများမှ ဒေသခံများမှာ စစ်ကောင်စီတပ်ရန်ကြောင့် တိမ်းရှောင်နေကြရပါသည်။

အုတ်ဖိုနှင့် ကဝ မြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၇ ဦး ကျဆုံးခဲ့သည်။ မတ်လ ၂၇ ရက်နေ့က တောင်ငူမြို့မြောက်ဘက်ရှိ စစ်ကောင်စီတပ်၏ တောင်ငူလေတပ် စခန်းဌာနချုပ်ကို ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)၊ ပြည်သူ့ကာကွယ်ရေးပူးပေါင်းတပ်ဖွဲ့တို့ က ရှော့တိုက်ဒုံး ၄ လုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး စစ်ကောင်စီတပ်ဖွဲ့ဝင် ၃ ဦး သေဆုံးခဲ့သည်။






# ရှမ်း (သျှမ်း) ပြည်နယ်

လားရှိုးမြို့နယ် နားစောက်ကျေးရွာအုပ်စု ခုမ်စုံရွာ (ကုန်းဆုံရွာ) တွင် မတ်လ ၂၃ ရက်က လက်နက်ကြီး ပေါက်ကွဲပြီး ရွာသား ၂ ဦးသေဆုံးကာ ၂ ဦး ပြင်းထန်ဒဏ်ရာများရရှိခဲ့ပါသည်။ ဖြစ်စဉ်မှာ ခုမ်စုံရွာနေ ဒေသခံများသည် ရွာနှင့် တစ်မိုင်ခန့် ကွာဝေးသော ယာခင်းအစပ်တောင်ပို့အနီးတွင် မပေါက်ကွဲသေးသည့် လက်နက်ကြီး တစ်လုံး တွေ့ရှိသဖြင့် ယာတဲအနီးသို့ သယ်သွားလာစဉ် ပေါက်ကွဲခဲ့ခြင်းဖြစ်ပါသည်။

ပင်လောင်းမြို့နယ်၊ တောင်စလုံးရွာရှိ ဘုန်းကြီးကျောင်းနှင့် ရွာထိပ်စေတီတို့၌ စစ်ကောင်စီတပ်ရောက်ရှိနေစဉ် ကျေးရွာအတွင်းပိတ်မိနေခဲ့သည့် ဒေသခံ ၁၅ ဦးအား PDF ပူးပေါင်းအဖွဲ့များမှ ကယ်ထုတ်နိုင်ခဲ့ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ(NUG) ကာကွယ်ရေးဝန်ကြီးဌာနက မတ်လ ၂၂ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။ ကယ်ဆယ်နိုင်ငံသော ဒေသခံများအား မိသားစုများရှိနေသည့် စစ်ဘေးရှောင်စခန်းသို့ ချိတ်ဆက်ပို့ဆောင်ပေးခဲ့ပြီး ပအိုဝ်းအမျိုးသားကာကွယ်ရေးတပ်ဖွဲ့ (PNDF)မှ စစ်ရှောင်တစ်ဦးလျှင် ကျပ်နှစ်သောင်းနှုန်းနှင့် လာရောက်သယ်ယူပို့ဆောင်သည့် လူမှုကူညီရေးအတွက် ကျပ်သုံးသောင်း ထောက်ပံ့ပေးခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့ပါသည်။




မတ်လ ၂၃ ရက်နေ့က လားရှိုးမြို့နယ်၊ နားစောက်ကျေးရွာအုပ်စု၊ ခုမ်စုံရွာ (ကုန်းဆုံရွာ)တွင် လက်နက်ကြီး ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး ရွာသား ၂ ဦး သေဆုံးခဲ့သည်။






# ကရင်နီ (ကယား) ပြည်နယ်

စစ်ကောင်စီတပ်သည် ဘောလခဲမြို့နယ် ဝမ်ဗလကျေးရွာအနီး တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ မတ်လ ၂၃ရက်က လေယာဉ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် သစ်လုပ်ငန်းလုပ်ကိုင်နေသော အရပ်သား ၈ ဦးကို ထိမှန်ခဲ့ပြီး၊ ယင်းအနက် ၃ဦးသေဆုံးခဲ့ကာ ၅ ဦး ပြင်းထန်ဒဏ်ရာရရှိခဲ့ပါသည်။ ထို့ပြင် အလုပ်သမားများ၏ နေအိမ်များ၊ ကားများလည်း မီးလောင် ပျက်စီးခဲ့ပြီး၊ စစ်ကောင်စီတပ်မှ ဂျက်လေယာဉ်ဖြင့် ၅ကြိမ်လာရောက်ပစ်ခတ်ခဲ့ခြင်းဖြစ်ပါသည်။

မတ်လ ၂၈ ရက်တွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိသည့် ဒီးမော့ဆိုမြို့နယ် အနောက်ဘက်အခြမ်းရှိ ဒေါရောက်ခူ ဒုက္ခသည်စခန်းအနီးကို စစ်ကောင်စီတပ်မှ ဂျက်တိုက်လေယာဉ်ဖြင့် တိုက်ခိုက်ခဲ့ခြင်းကြောင့် အမျိုးသား တစ်ဦး သေဆုံးခဲ့ပြီး ၃ ဦး ဒဏ်ရာရရှိခဲ့ပါသည်။ ဒေါရောက်ခူ ဒုက္ခသည်စခန်းတွင် လူဦးရေ ၅၀၀ ဝန်းကျင်အထိ နေထိုင်လျှက်ပြီး ၎င်းတို့သည် ဒီးမော့ဆိုမြို့ပေါ်နှင့် အနီးဝန်းကျင်ကျေးရွာများမှ တိမ်းရှောင်လာကြသူများဖြစ်ပါသည်။

မတ်လ ၂၀ ရက်နေ့မှ ၂၃ ရက်နေ့အထိ ဒီးမော့ဆိုမြို့နယ်၊ ဒေါတမကြီးကျေးရွာတွင် စစ်ကောင်စီတပ်နှင့် ကရင်နီ ဒေသခံကာကွယ်ရေး ပူးပေါင်းတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၉၀ ဦး ကျဆုံး၍ ဒေသခံ ကာကွယ်ရေး ပူးပေါင်းတပ်ဖွဲ့မှ ၃ ဦး ကျဆုံးခဲ့သည်။ စစ်ကောင်စီတပ်မှ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် ဘောလခဲနှင့် ဒီးမော့ဆိုမြို့နယ်များမှ ဒေသခံ ၄ ဦး သေဆုံးခဲ့သည်။







# တနင်္သာရီတိုင်း

ပုလောမြို့နယ်နှင့် တနင်္သာရီမြို့နယ်တို့မှ ဒေသခံ ၄ ဦးအား စစ်ကောင်စီတပ်မှ သေနတ်ဖြင့် ပစ်သတ်ခဲ့ပါသည်။ တနင်္သာရီမြို့နယ်၊ ကမ္မလိုင်းကျေးရွာရှိ စစ်ကောင်စီတပ် စစ်ဆေးရေးဂိတ်တစ်ခုတွင် မတ်လ ၂၅ ရက်က ဆိုင်ကယ်စီးလာသည့် အမျိုးသားနှစ်ဦးအား စစ်ဆေးမခံဘဲ မောင်းနှင်ထွက်ပြေးသည်ဟုဆိုကာ သေနတ်ဖြင့်ပစ်ခတ်သဖြင့် တစ်ဦး ပွဲချင်းပြီးသေဆုံး၍ ကျန်တစ်ဦးလည်း ကျေးလက်ဆေးရုံအရောက်တွင် သေဆုံးခဲ့ပါသည်။ သေဆုံးသူနှစ်ဦးမှာ ညီအစ်ကိုဝမ်းကွဲဖြစ်ပြီး ကျွန်းစု မြို့နယ်မှ တနင်္သာရီမြို့နယ်ဘက်သို့ ဥယျာဉ်ခြံလုပ်ငန်း လုပ်ကိုင်ရန် လာရောက်စဉ်ပစ်သတ်ခံခဲ့ရခြင်းဖြစ်ပါသည်။

ထို့ပြင် ပုလောမြို့နယ် ပုလောကုန်းနှင့် နန်းတောင်ရွာတို့တွင် စစ်ကောင်စီတပ်ဖွဲ့ စစ်ကြောင်းထိုးဝင်ရောက်လာစဉ် ဒေသခံအမျိုးသား ၃ ဦးအား ဖမ်းဆီးသွားပြီးနောက် ၂ ဦးကို သေနတ်ဒဏ်ရာဖြင့် သေဆုံး နေသည်ကို ပြန်လည်တွေ့ရှိခဲ့ကြပါသည်။

မတ်လ ၂၅ ရက်နေ့က ပုလောမြို့နယ်နှင့် တနင်္သာရီမြို့နယ်တို့တွင် အမျိုးသားလေးဦးကို စစ်ကောင်စီတပ်ဖွဲ့မှ သေနတ်ဖြင့် ပစ်သတ်ခဲ့သည်။ မတ်လ ၂၇ ရက်နေ့က ရေဖြူမြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနရုံးမှ လက်ထောက်ကြီးကြပ်ရေးမှူး ဦးအေးလွင်ကို အမည်မသိ လက်နက်ကိုင်အဖွဲ့၏ သေနတ်ဖြင့် ပစ်ခတ်ခံရပြီး သေဆုံးခဲ့သည်။ ထို့အပြင် မတ်လ ၂၇ ရက်နေ့က ကော့သောင်းခရိုင်၊ ကရသူရိမြို့နယ်၊ ဝါးကျွန်းကျေးရွာတွင် ပြည်သူ့စစ်ခေါင်းဆောင်နှင့် ဒုခေါင်းဆောင်ဆိုသူ နှစ်ယောက်ကို ပြည်သူ့ကာကွယ်ရေးတပ်မှ ပစ်ခတ်ရှင်းလင်းခဲ့သည်။








# မွန်ပြည်နယ်

ကျိုက်ထိုမြို့နယ်၊ ကျိုက်ထီးရိုးတောင်တန်း၊ မြစိမ်းတောင် အနီးတောထဲတွင် ဟင်းရှာသွားသည့် ဒေသခံ အထမ်းသမား တစ်ဦးဖြစ်သူ အသက် ၂၅ နှစ်အရွယ် ကိုခင်မောင်ထွေးသည် မြေမြှုပ်မိုင်းနင်းမိ၍ သေဆုံးခဲ့ရာ၊ မတ်လ ၂၂ ရက် ညနေပိုင်း တွင် ၎င်း၏ ရုပ်အလောင်းအား ရှာဖွေတွေ့ရှိခဲ့ကြပါသည်။

သထုံ-ဘီးလင်း အမြန်ကားလမ်းမကြီးဘေး ဒေါက်ရပ် ကျေးရွာအနီးတွင် စစ်ကောင်စီတပ် အမှတ် (၈) ခြေလျင်တပ် ရင်းမှ တပ်သားများသည် ပြည်သူ ၂ ဦးအား အကြောင်းမဲ့ ပစ် သတ်ခဲ့ပြီး၊ နောက်ထပ်ဒေသခံ ၂ ဦးထံမှလည်း ငွေကြေးနှင့် ဖုန်း များကို အဓမ္မလုယူသွားကြောင်း သိရပါသည်။ မတ်လ ၂၄ ရက် တွင် ဘီးလင်းမြို့မှ ဒေါက်ရပ်ကျေးရွာသို့ လမ်းလျှောက်ပြန်လာ သည့် အသက် ၁၈ နှစ်အရွယ် စောပြေျူးနှင့် စောရဲနိုင်ဝင်းတို့ကို ပစ်သတ်ခဲ့ခြင်းဖြစ်ပြီး၊ ရွှေအင်းဒုံရွာမှ ဦးမြတ်သူနှင့် ဦးဘမောင် တို့ထံမှ ငွေသားကျပ် ၅ သိန်းတို့ကို အတင်းအဓမ္မခြိမ်းခြောက် လုယူခဲ့ခြင်းဖြစ်ပါသည်။

ကျိုက်ထိုနှင့် ရေးမြို့နယ်များတွင် စစ်ကောင်စီတပ် နှင့်ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)၊ ပြည်သူ့ကာကွယ်ရေးပူးပေါင်းတပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၁ ဦး ကျဆုံးခဲ့ သည်။ မတ်လ ၂၃ ရက်နေ့ ညပိုင်းအထိ ဘီးလင်း မြို့နယ်ထဲက ကျေးရွာတွေကို စစ်ကောင်စီတပ်က ညတိုင်းနီးပါး လက်နက်ကြီးတွေဖြင့် ပစ်ခတ်နေ သောကြောင့် ဒေသခံ ၃၀၀၀ ကျော် ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။ မတ်လ ၂၄ ရက်က ဘီးလင်း မြို့ကနေ ဒေါက်ရပ်ကျေးရွာဆီ လမ်းလျှောက်ပြန် လာသည့် အသက် ၁၈ နှစ်အရွယ် စောပြေျူးနှင့် စော ရဲနိုင်ဝင်းဆိုသူ လူငယ် ၂ ဦးကို စစ်ကောင်စီတပ်မှ အကြောင်းမဲ့ ပစ်သတ်ခဲ့သည်။






# ဧရာဝတီတိုင်း

ကျုံပျော်မြို့နယ်၊ အင်းဖျားကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းစန်းအား အမည်မသိ လူနှစ်ဦးမှ သေနတ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် ရင်ဘတ်နှင့် ကျောကို ထိမှန်ခဲ့ကာ ပွဲချင်းပြီး သေဆုံးခဲ့ပါသည်။ မတ်လ ၂၂ ရက် ညနေ ၆ နာရီခန့်တွင် ဦးထွန်းစန်းသည် ရပ်ကျေး ဥက္ကဌဖလားပြိုင်ပွဲမှ ပြန်လာခဲ့ပြီး၊ အင်းဖျားကျေးရွာ အ.လ.က ကျောင်းရှေ့အရောက် တွင် ဆိုင်ကယ်စီးနင်းလာသူ လူနှစ်ဦးမှ ၎င်းအား သေနတ်ဖြင့် ပစ်သတ်ခဲ့ခြင်းဖြစ်ပါ သည်။ အဆိုပါ ပစ်ခတ်မှုကြောင့် စစ်ကောင်စီတပ်မှ အင်ဖျားကျေးရွာအပါအဝင် အနီး နားမှ ကျေးရွာများကို စစ်ဆေးမှုများ ပြုလုပ်ခဲ့ပါသည်။

ပုသိမ်အကျဉ်းထောင်အတွင်း အကျဉ်းကျခံနေရသော ရိုဟင်ဂျာများအား ထောင်ဂန်ထမ်းများမှ ရိုက်နှက်ခြင်းနှင့် အစားအသောက်အခက်အခဲတို့ကြောင့် မတ် လအတွင်း ရိုဟင်ဂျာသေဆုံးသူ ၅ ဦးထိ ရှိနေပါသည်။ မတ်လ တတိယပတ်တွင် အကျဉ်းကျနေသူ ရိုဟင်ဂျာတစ်ဦးအား ကြောင်ဖမ်းပြီးချက်စားသည်ဟုဆိုကာ ထောင်ဂန်ထမ်းများမှ အကြမ်းဖက်ရိုက်နှက်ခဲ့ခြင်းကြောင့် သေဆုံးခဲ့ပြီး၊ ကျန် ၄ ဦးမှာ လည်း ထောင်တွင်းနေထိုင်မှု၊ အစားအသောက် ချို့တဲ့မှုနှင့် လုံလောက်သည့် ဆေးကု သမှုမရရှိခြင်းတို့ကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ကာ၊ သေဆုံးသူများကိုလည်း ဓလေ့ထုံး တမ်း အစဉ်အလာနှင့် အညီ နာရေးကိစ္စ လုပ်ပေးခွင့်မရကြောင်း ဧရာဝတီ မြန်မာ-မူ ဆလင် ကွန်ရက်မှ သိရပါသည်။

ထို့ပြင် စစ်ကောင်စီတပ်ထံတွင် ဖမ်းဆီးခံထားရသော ရိုဟင်ဂျာများ၏ ကျန်းမာ ရေးအခြေအနေနှင့် သေဆုံးမှုအား အချိန်မီသိခွင့်မရရှိဘဲ၊ ဘာသာတူ လူမှုရေးအ သင်းအဖွဲ့များကိုလည်း ကူညီထောက်ပံ့ခွင့်မပြုကြောင်း သိရပါသည်။

ပုသိမ်အကျဉ်းထောင်အတွင်း ရိုက်နှက်ခံရမှုအပြင် ထောင်တွင်း အစားအသောက်ခက်ခဲမှုများကြောင့် ယခု မတ်လအတွင်း ရိုဟင်ဂျာ ၅ ဦး သေဆုံးခဲ့ သည်။ မတ်လ ၂၂ ရက်နေ့က ကျုံပျော်မြို့နယ်၊ အင်း ဖျားကျေးရွာ အုပ်ချုပ်ရေးမှူး ဦးထွန်းစန်း အမည်မသိ လက်နက်ကိုင်အဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ သည်။





# ရန်ကုန်တိုင်း

မြောက်ဥက္ကလာပမြို့နယ်၊ ၁ ရပ်ကွက်နှင့် ၂ ရပ်ကွက်တို့မှ အမျိုးသား ၂ ဦးကို မတ်လ ၂၃ ရက် ညပိုင်းတွင် စစ်ကောင်စီတပ်နှင့် ရပ်ကွက်ရုံးအဖွဲ့များမှ လာရောက်ဖမ်းဆီးခဲ့ပါသည်။ ဖမ်းဆီးခံရသူများမှာ ၁ ရပ်ကွက်၊ သုမိတ္တာလမ်းမှ အသက် ၂၇အရွယ် မြန်မာဂီတအစည်းအရုံးအဖွဲ့ဝင် စန္ဒရားဆရာတစ်ဦးအား NUGနှင့် အဆက်အသွယ်ရှိသည်ဟုဆိုကာ ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး၊ ၂ ရပ်ကွက်၊ သုမာလာလမ်းတွင် နေထိုင်သော အသက် ၃၇ အရွယ် အမျိုးသားတစ်ဦးကိုလည်း ၎င်း၏ လူမှုကွန်ရက်တွင် စစ်အာဏာရှင်ဆန့်ကျင်ရေး လှုပ်ရှားမှုများ ပြန်လည်မျှဝေထားသည်ဟုဆိုကာ ဖမ်းဆီးခဲ့ခြင်းဖြစ်ပါသည်။ ၎င်းတို့ ၂ဦးအား စစ်ကောင်စီဝါဒဖြန့် တယ်လီဂရမ်ချန်နယ်မှ အိမ်လိပ်စာနှင့် အလုပ်အကိုင်အတိအကျတို့ကို ဖော်ပြထားပြီး ဖမ်းဆီးခိုင်းခြင်းကြောင့် ဧည့်စာရင်းစစ်မည်ဟုဆိုကာ နေအိမ်များသို့ အင်အားသုံး ဝင်ဖမ်းခဲ့ခြင်းဖြစ်ပါသည်။

မတ်လ ၂၃ ရက်၊ နံနက် ၆ နာရီခွဲခန့်က ဗဟန်းမြို့နယ်၊ ဗိုလ်ချို ၂ ရပ်ကွက်၊ နတ်မောက်လမ်းသွယ်တွင် အမျိုးသားတစ်ဦး ထိုးသွင်းဒဏ်ရာများနှင့် သေဆုံးနေသည်ကို ရပ်ကွက်နေထိုင်သူများမှ တွေ့ရှိခဲ့ကြပါသည်။ သေဆုံးသူသည် အသက် ၅၅နှစ်အရွယ် ကြည့်မြင်တိုင်မြို့နယ်တွင် နေထိုင်သူဖြစ်ပြီး မတ်လ ၂၂ ရက်တွင် ချယ်ရီ QQ အမျိုးအစားယာဉ်ဖြင့် တက္ကစီမောင်းရန် ထွက်သွားသူဖြစ်ကြောင်းသိရပါသည်။ လက်ရှိတွင် ၎င်းမောင်းနှင်လာသည့် ယာဉ်အမှတ် MDY CC 5489 မှာပျောက်ဆုံးနေပြီး၊ ၎င်းအား လည်ပင်း ထိုးသွင်းဒဏ်ရာ ၁ ချက်၊ ပြတ်ရှဒဏ်ရာနှင့် ဦးခေါင်းကွဲအက် ဒဏ်ရာများဖြင့် တွေ့ရှိခဲ့ခြင်းဖြစ်ပါသည်။

မတ်လ ၂၇ ရက်နေ့က စမ်းချောင်းမြို့နယ်၊ ဆီဆုံလမ်းနေ စစ်ဘက်ဆိုင်ရာ အရပ်ဘက် ထောက်လှမ်းရေးဆိုသူ ဝင့်မိုးအောင်အား ပြည်သူ့ကာကွယ်ရေးတပ်မှ ပစ်ခတ်ရှင်းလင်းခဲ့သည်။ ထို့အပြင် မတ်လ ၂၄ ရက်နေ့က စစ်ကောင်စီ အသိုင်းအဝိုင်းအတွက် ဒေါ်လာသန်းရာချီ ပြည်ပသို့ရွှေ့ပြောင်းပေးနေသည့် ဦးမင်းတေဇည္ဇွန့်တင်ကို သန်လျင်မြို့တွင် ပြည်သူ့ကာကွယ်ရေးတပ်က ပစ်ခတ်ရှင်းလင်းခဲ့သည်။






# ရခိုင်ပြည်နယ်

စစ်ကောင်စီတပ်၏ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တည်ရှိရာ အမ်းမြို့၊ တစ်မိုင်ကုန်းစစ်ဆေးရေး ဂိတ်တွင် မတ်လ ၂၇ ရက်၊ ည ၈ နာရီခွဲခန့်မှစတင်ကာ စက်သေနတ်ပစ်သံများ အဆက်မပြတ် ထွက်ပေါ်ခဲ့သဖြင့် ဒေသခံများ စိုးရိမ်မှုများရှိနေကြောင်း သိရပါသည်။

စစ်ကောင်စီတပ်ထံတွင် မတရား ဖမ်းဆီးခံထားရေး ကျောက်ဖြူဒေသခံ ၂၃ ဦးသည် တရားလိုများ အကြိမ်ကြိမ် ပျက်ကွက်၍ အမှုမစစ်နိုင်ဘဲဖြစ်နေကြရခြင်းကြောင့် ယင်းသို့ ဖမ်းဆီးခံထားခြင်း အပေါ် ပြန်လည်စိစစ်ပေးရန် စစ်ကောင်စီတပ်လက်အောက်ခံ လူ့အခွင့်အရေးကော်မရှင်ထံ တိုင်ကြားထားသော်လည်း ထူးခြားမှုမရှိကြောင်း သိရပါသည်။ ၎င်းတို့အား ရက္ခိုင့်တပ်တော် (AA)နှင့် ဆက်စပ်သည်ဟုဆိုကာ ၂၀၂၂ခုနှစ်အတွင်းက စစ်ကောင်စီတပ်မှ ဖမ်းဆီးခဲ့ခြင်းဖြစ်ပါသည်။





# ချင်းပြည်နယ်

ပလက်ဝမြို့မှ နိုင်ငံတော်အကြည်အညိုပျက်စေမှုပုဒ်မ ၅၀၅(က)ဖြင့် ထောင် ၂ နှစ်ချမှတ်ခံထားရသော ကျန်းမာရေးဝန်ထမ်း ကိုတင်ထွန်းအောင်အား ဟားခါးတရားရုံးမှ နောက်ထပ် ထောင်ဒဏ် (၁) နှစ် ထပ်တိုးချမှတ်ခဲ့ပါသည်။ ကိုတင်ထွန်းအောင်သည် ပလက်ဝမြို့အခြေစိုက် ခမရ ၂၈၉ တပ်ရင်းတွင် အလံဖြူထောင်ထားခြင်းနှင့်ပတ်သက်၍ ရခိုင်အခြေစိုက် သတင်းဌာနတစ်ခုဖြစ်သော Western News သို့ အင်တာဗျူးဖြေခဲ့ခြင်းကြောင့် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်တွင် စစ်ကောင်စီတပ်မှ ဖမ်းဆီးခဲ့ခြင်းဖြစ်ပါသည်။

ဟားခါးမြို့တွင် လျှပ်စစ်မီတာခကောက်ခံပါက ပစ်ခတ်ဖမ်းဆီးမည်ဟု ဟားခါးမြို့ပေါ် ပြည်သူ့အုပ်ချုပ်ရေးကောင်စီ (Hakha Circle Council) မှ မတ်လ ၂၇ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။ စစ်ကောင်စီတပ်လက်အောက်ခံ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ မီတာခကောက်ခံမှုတွင် မပါဝင်ကြရန်၊ မီတာခကို (လုံးဝ) ပေးသွင်းခြင်းမပြုကြရန်နှင့် ဟားခါးမြို့ပေါ်ရှိ ပြည်သူလူထုအနေဖြင့် ပြည်သူ့အုပ်ချုပ်ရေးကောင်စီ (HCC) ၏ အသိပေးအကြောင်းကြားခြင်းမပါရှိဘဲ မည်သည့် အခွန်အခများကိုမှ ပေးသွင်းရန်မလိုအပ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားပါသည်။

မတ်လ ၂၀ ရက်နေ့ မှ ၂၂ ရက်နေ့ အထိ စစ်ကောင်စီတပ်နှင့် ချင်းဒေသကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၁၈ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် ဖလမ်းမြို့နယ်တွင် စစ်ကောင်စီတပ် မိုင်းဆွဲတိုက်ခိုက်ခံရပြီး စစ်ကောင်စီ တပ်သား ၂၆ ဦး ကျဆုံးခဲ့သည်။



# နိုင်ငံတကာစာမျက်နှာ



မြန်မာစစ်ခေါင်းဆောင်နှင့် နီးစပ်သော လက်နက်ပွဲစား ဦးထွန်းမင်းလတ်နှင့် ဇနီးဖြစ်သူတို့ ပိုင်ဆိုင်သော အဖွဲ့အစည်း ၆ ခုကို အမေရိကန်အစိုးရက ပိတ်ဆို့ဒဏ်ခတ်အရေးယူလိုက်ကြောင်း မတ်လ ၂၄ ရက်တွင် အမေရိကန်နိုင်ငံခြားရေးဂန်ကြီး အန်တိုနီဂျေဘလင်ကန်က ထုတ်ပြန်ပြောဆိုခဲ့ပါသည်။ ယခုလို ဒဏ်ခတ်ပိတ်ဆို့မှုသည် အာဏာသိမ်းစစ်ကောင်စီအား လက်နက်များ ဝယ်ယူရေးအတွက် ဘဏ္ဍာငွေရရှိမှုကို ပိုမိုအခက်တွေ့စေမည်ဖြစ်ကြောင်းနှင့် အမေရိကန်အနေဖြင့် စစ်ကောင်စီတပ်အပေါ် ဖိအားပေးမှု တိုးမြှင့်ရန်ကြိုးပမ်းလျက်ရှိနေပါသည်။

မတ်လ ၂၇ ရက်တွင် ဗြိတိန်အစိုးရကလည်း မြန်မာအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုအသစ်များကို ကြေညာခဲ့ပြီး ယခုတစ်ကြိမ်တွင် အာဏာသိမ်းစစ်ကောင်စီတပ်ထံ စစ်ဖက်ဆိုင်ရာပစ္စည်းများ အပါအဝင် အထောက်အကူပစ္စည်းများ ပေးသွင်းထောက်ပံ့နေသူများကို ပစ်မှတ်ထားအရေးယူထားပါသည်။ ထို့ပြင် ယခုအရေးယူပိတ်ဆို့ခံရသူများထဲတွင် မြန်မာလေတပ်သို့ လေယာဉ်ဆီပေးသွင်းထောက်ပံ့နေသည့် ကုမ္ပဏီတစ်ခုနှင့် ၎င်းကုမ္ပဏီ၏ဒါရိုက်တာဖြစ်သူတို့ပါဝင်နေကြောင်း၊ မြန်မာပြည်သူများအပေါ် အာဏာသိမ်းစစ်ကောင်စီတပ်ဘက်မှ လူမဆန်သည့် ရက်စက်မှုများကို တိုးမြှင့်လုပ်ဆောင်နေခြင်းအပေါ် ဗြိတိန်အနေဖြင့် ပြစ်တင်ရှုတ်ချကြောင်းလည်း ဗြိတိန်၏ အင်ဒို-ပစိဖိတ်ဆိုင်ရာ ဝန်ကြီး အန်နီ-မေရီ ထရီဗယ်လ်ယန်က ပြောထားပါသည်။

ရုရှားနိုင်ငံအနေဖြင့် မြန်မာအာဏာသိမ်းစစ်ကောင်စီတပ်ထံ လက်နက်အထောက်အပံ့ပေးမှု ရပ်လိုက်မည်ဆိုပါက မြန်မာနိုင်ငံသည် ပဋိပက္ခအကျပ်အတည်းတွင်းမှ လွတ်မြောက်နိုင်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ အတိုင်ပင်ခံ ဒါရက်ခ်ရှိုလက်က မတ်လ ၂၂ ရက်တွင် ပြောကြားခဲ့ပါသည်။

လက်ရှိတွင် ရုရှားအစိုးရသည် မြန်မာစစ်ကောင်စီ၏ စစ်ယန္တရားကို လောင်စာဖြည့်ပေးရန် အထောက်အပံ့ပြုနေပြီး ယင်းသည် အကြမ်းဖက်မှုများ ရပ်စဲရေးနှင့် ဆွေးနွေးညှိနှိုင်းမှုများ လုပ်ဆောင်ရေး အာဆီယံ၏ အစီအစဉ်ကို ထိခိုက်စေလျက် ရှိသည်ဟု ရှုလက်က ထောက်ပြထားပါသည်။

မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး ကြိုးပမ်းမှုအတွက် အသက်ကို ရင်းနှီးဆောင်ရွက်နေကြသူများနှင့် အသက်ဆုံးရှုံးခဲ့ရသူများကို ဂုဏ်ပြုကြောင်း မြန်မာနိုင်ငံဆိုင်ရာ နော်ဝေသံရုံးက မတ်လ ၂၄ ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ အမှန်တရားအတွက် အခွင့်အရေးနေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

အာဏာသိမ်းစစ်ကောင်စီမှ ပြင်ဆင်နေသော “နောက်ကွယ်က စီမံညွှန်ကြားသည့်” ရွေးကောက်ပွဲများသည် နိုင်ငံအတွင်းရှိ တင်းမာမှုများ မြင့်တက်နေခြင်းနှင့် ပဋိပက္ခဘေးအန္တရာယ်များကို ပိုမိုဆိုးဝါးစေလိမ့်မည်ဟု နိုင်ငံတကာ ပဋိပက္ခဆိုင်ရာအုပ်စု ICG မှဆိုထားပါသည်။ မြန်မာနိုင်ငံတွင် အာဏာသိမ်းစစ်ကောင်စီသည် ပါတီသစ်မှတ်ပုံတင်ခြင်း ဥပဒေအားပြဋ္ဌာန်းခြင်းနှင့် မဲပေးစာရင်းအသစ် ပြုစုခြင်းတို့ဖြင့် ရွေးကောက်ပွဲများအတွက် မြေပြင်လုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်သော်လည်း နိုင်ငံ၏နယ်မြေဒေသအများစုတွင် ပြည်တွင်းစစ်ဖြစ်ပွားနေပြီး အများစုသောပြည်သူများက မဲပေးမှုကို ကန့်ကွက်ဆန့်ကျင်ထားကြကာ စစ်ကောင်စီ၏ရွေးကောက်ပွဲသည် ယုံကြည်စိတ်ချရမှု မရှိကြောင်း ဝေဖန် ထောက်ပြထားပါသည်။

“မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး ကြိုးပမ်းမှုအတွက် အသက်ကို ရင်းနှီးဆောင်ရွက်နေကြသူများနှင့် အသက်ဆုံးရှုံးခဲ့ရသူများကို ဂုဏ်ပြုကြောင်း”

## မှတ်ချက်။ ။

တစ်ပတ်အတွင်းဘာတွေဖြစ်ခဲ့သလဲ
ကဏ္ဍအတွင်း အကိုးအကား
သတင်းအရင်းအမြစ်များကို
Burma News International - BNI၏
အဖွဲ့ဝင် သတင်းဌာန (၁၅) ဖွဲ့အပြင်
အခြားသော ပြည်တွင်းပြည်ပ
သတင်းဌာနများမှ
ကောက်ယူစုစည်းဖော်ပြခြင်း
ဖြစ်ပါသည်။

**Weekly News Review**